# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး

# ၁၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၈- ၇ - ၂၀၁၃ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဂန့်ဂေါ - ပုလဲကားလမ်း ကြောကျေးရွာအနီး မိုင်တိုင် ၇၃ ၌ တည်ဆောက်လျက်ရှိသော မြေထိန်းနံရံကြီး တည်ဆောက်ခြင်းသည် မည်သည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်သည်၊ ဘတ်ဂျက်ငွေမည်မျှ သုံးစွဲထားသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ပေလေးကျေးလက် ကျန်းမာရေးဌာနခွဲအား ကျေးလက် ကျန်းမာရေးဌာနသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ကျောက်ကပ် အစားထိုးခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲနေမှု အခြေအနေ၊ မည်သည့်ကာလတွင် အစောဆုံးဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ဥပဒေရေးဆွဲနေစဉ်ကာလအတွင်း ကျောက်ကပ်ဝေဒနာရှင်များအတွက် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ထန်တလန် ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာဆရာဝန် ခန့်ထားပေးရန်နှင့် လူနာ သီးသန့်ဆောင် ဆောက်လုပ်ပေးပါရန်၊ ထန်တလန်ပြည်သူ့ဆေးရုံ၊ မှောင်တလန် တိုက်နယ်ဆေးရုံနှင့် လုံလဲ(ရ်) တိုက်နယ်ဆေးရုံများတွင် ဆေးပဒေသာပင် ဆက်လက်စိုက်ပေးရန်နှင့် လိုအပ်သော ခွဲစိတ်ကိရိယာများ ထုတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။